# ၂၀၀၉ ခုနှစ် ဩဂုတ်လ (၄) ရက်
# သတင်းထုတ်ပြန်ချက်။

**ယနေ့ထုတ်ပြန်သော အစီရင်ခံစာအသစ်မှ စစ်ဘေးဒဏ်ခံနေရနေသည့် ရှမ်းပြည်နယ်တွင်း တည်ဆောက်မည့် သံလွင်မဟာ ရေကာတာစီမံကိန်းက လူသားများအား စတေး နေကြောင်း ထုတ်ဖော်လိုက်ခြင်း။**

မြန်မာနိုင်ငံ ရှမ်းပြည်နယ်တောင်ပိုင်းတွင် တည်ဆောက်မည့် အရှေ့တောင်အာရှတွင် အမြင့်ဆုံးဖြစ်သည့် တာဆန်းရေကာတာ စီမံကိန်းကြောင့် ရေလွှမ်းမိုးမည့်အန္တရာယ် ကျရောက်နိုင်သည့် နယ်မြေတွင် မှီတင်းနေထိုင်သော လူထုသည် လတ်တလောအခြေအနေ၌ ညှင်းဆဲနှိပ်စက်ခံရခြင်းများအပြင်၊ ပြည်တွင်းစစ်၏ စစ်ဘေးဒဏ်အောက်တွင် အသက်ရှင်ရပ်တည်နိုင်ရန် ကြိုးစားရုန်းကန်နေကြရကြောင်း ယနေ့ထုတ်ပြန်သည့်အစီရင်ခံစာ မီးမောင်းထိုးပြထားသည်။

ရှမ်းသဘာဝပတ်ဝန်းကျင်အဖွဲ့မှထုတ်ပြန်သည့် **"ဘဝဇစ်မြစ် မပြတ်ရေးအတွက် တင်းခံရခြင်း"** အစီရင်ခံစာက လူသားနှင့်သဘာဝ အပြန်အလှန် ဆက်နွယ်မှု အထူးရှိနေသော ကိန်းခမ်း ဒေသ ကို အဓိကထား တင်ပြထားသည်။ ထိုဒေသမှ လူ တစ်သောင်း ငါးထောင် ခန့် သည် လွန်ခဲ့သောဆယ်နှစ်ကပင် အတင်းအဓမ္မနေရာပြောင်းရွှေ့ခြင်းခံကြရပြီး၊ အများစုမှာ ထိုင်းနိုင်ငံသို့ ထွက်ပြေး လာကြပါသည်။ ထိုဒေသတွင်း နေထိုင်ကျန်ရစ်သူ လူ သုံးထောင် ခန့်မှာလည်း ယခုအခါတွင် နအဖ စစ်တပ်၏ ခြိမ်းခြောက်မှု၊ တာဆန်း ရေကာတာတည်ဆောက်ရေးစီမံကိန်းကြောင့် ဖြစ်နေသည့် ခြိမ်းခြောက်မှုများ၏ဒဏ်ကို အလူးအလဲခံနေကြရသည့်ကြားမှ ၄င်းတို့၏ ယဉ်ကျေးမှု မပျက်သုန်း စေရန်နှင့် ဆက်လက်ဘဝရပ်တည်ရေး အတွက် မဖြစ်မနေ ကြိုးပမ်းနေကြရပါသည်။

ရှမ်းဌာနေတိုင်းရင်းသားတို့၏ယဉ်ကျေးမှုထုံးတမ်းပွဲတော် ဆိုင်ရာ ဓါတ်ပုံများ၊ မြစ်ရေကို အခြေခံစိုက်ပျိုးနေသည့်စိုက်ခင်း ဓါတ်ပုံများ၊ တန်ခိုးကြီး လိုဏ်ဂူဘုရားများနှင့် သဘာဝရေတံခွန်များ၏ ဓါတ်ပုံများမှာ ဤလူဝေးသူဝေး စစ်မြေပြင်ရပ်ဝန်းတွင်းမှ ဖြစ်သည့်နည်းတူ လျှို့ဝှက်မှုပေါင်းနှင့် ဖုံးကွယ်ထားသည့် ယခုလက်ရှိ ရေကာတာစီမံကိန်း လုပ်မည့် ဒေသမှ ဖြစ်ပါသည်။

၇၁၁၀ မီကာဝပ် လျှပ်စစ်ဓါတ်အားထွက်ရှိမည့် တာဆန်းရေကာတာသည် သံလွင်မြစ်ပေါ်တွင် တည်ဆောက်မည့် ရေကာတာ (၅) ခုအနက် အကြီးဆုံးဖြစ်ပါသည်။ ရရှိမည့်လျှပ်စစ်ဓါတ်အား အများဆုံးကို ထိုင်းနိုင်ငံသို့ ရောင်းချပေးမည်ဖြစ်ပါသည်။ စီမံကိန်းတွင် ရင်းနှီးမြှုပ်နှံသူများမှာ ထိုင်း အမ်ဒီအက် နှင့် တရုတ်ကွမ်ကျူဘာ ကုမ္ပဏီ တို့ ဖြစ်သည်။

ဤ တာဆန်းရေကာတာစီမံကိန်းအား ထိုင်းနိုင်ငံ၏ အမျိုးသားစွမ်းအင် ဖွံ့ဖြိုးရေးစီမံကိန်း အတွင်းထည့်သွင်းထားသည်ကို ကြည့်ခြင်းဖြင့် ထိုင်းအစိုးရက ဤရေကာတာဖြစ်မြောက်လာရေးအတွက် ထောက်ခံအားပေးမှု ထပ်လောင်း အတည်ပြုလိုက်ကြောင်း သိနိုင်ပါသည်။

ယခုအခါ၌ ရှမ်းပြည်နယ်တွင်း နအဖ၏စစ်တပ်တိုးတက်များပြားလာသည့်နည်းတူ ဝပြည်နယ်တပ်မတော်အားနယ်ခြားစောင့်တပ်အဖြစ် ခံယူရန် မြန်မာစစ်အာဏာရှင်အုပ်စုမှ ဖိအားပေးနေပါသည်။ ယင်းတို့၏ သောင်းကျန်းသူ ဆန့်ကျင်ရေးစစ်ဆင်မှုများနှင့် ဆက်နွယ်နေသည့် လူ့အခွင့်အရေးချိုးဖောက်မှုများမှာ လည်း ပို၍ တိုးမြှင့်လာနေပါသည်။

ရှမ်းသဘာဝပတ်ဝန်းကျင်မှ ပြောရေးဆိုခွင့်ရှိသူ စိုင်းစိုင်းမှ "*ဒီ မရေရာမသေချာတဲ့ အခြေအနေတွေ ကြားက ထိုင်းနိုင်ငံက တာဆန်းရေကာတာ ဆောက်ဖို့ ဘာကြောင့် အရှိန်အဟုန်တွေတိုးမြှင့် လာရတာလဲ? ဒီရေကာတာဟာ စစ်ဇုံ ထဲမှာရှိတယ်၊ စစ်အစိုးရရဲ့တပ်တွေကလည်း ရွာသားတွေကို အဲဒီနယ်မြေအတွင်းက ထွက်သွားအောင် အတင်းအဓမ္မမောင်းထုတ်နေတယ်၊ ရွာသားတွေ ထိုင်းနိုင်ငံကို ထွက်ပြေးလာကြတယ်၊ အကယ်၍ တာဆန်းရေကာတာကြီး ဆောက်လုပ်ဖြစ်သွားရင် ရွာသားတွေ သူတို့ရဲ့ ဌာနေရင်းကို ဘယ်တော့မှ ပြန်နိုင်တော့မှာ မဟုတ်ဘူး။*"


**ဆက်သွယ်ရန်**
စိုင်းခေးဆိုင် – ၀၈၄ ၂၂၄ ၃၇၄၈ (မြန်မာဘာသာ)
စိုင်းစိုင်း – ၀၈၁ ၀၃၁ ၀၄၈၁ (အင်္ဂလိပ် နှင့် ထိုင်း)


သတင်းအပြည့်အစုံကို www.salweenwatch.org တွင် ဖတ်ရှု ပါရန်။